# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်

**အစာငတ်ခံဆန္ဒပြတိုက်ပွဲ**

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၈ ရက် ၂၀၀၇

## ၁၈ ရက်မြောက်နေ့

☐ လွတ်မြောက်ရေး ခရီးရှည်ချီတက်တိုက်ပွဲဝင်နေသူ ရဲဘော်များရဲ့မြင်ကွင်းမှာ လွန်ခဲ့တဲ့ ၁၇–ရက်တာ ကာလက စိမ်းစိုလန်းဆန်းတဲ့ တောတောင်ရှုမျှော်ခင်းတွေအစား နယူးယောက်မြို့ရဲ့ မိုးထိမြင့်မားတဲ့ တိုက်တာတွေ၊ ပျားပန်းခပ်များပြားလှတဲ့ လူတွေက အစားထိုးဝင်ရောက်လာပါတယ်။

☐ ထုံးစံအတိုင်း မြို့ပြရဲ့အလှအပတွေမှာ နစ်မွန်း မနေနိုင်ပဲ၊ နံနက် ၁၁နာရီ မှာ ဒေါ်အောင်ဆန်းစုကြည်ပုံပါတဲ့ တီရှပ်ကိုယ်စီဝတ်ဆင်ပြီး၊ အလံတွေကို လက်တစ်ဘက် ကကိုင်၊ ဗီစူနအ တွေကို လက်တစ်ဘက်ကဆွဲနဲ့ နယူးယောက် Manhattan ရဲ့ ၁၆၈–လမ်းကနေစပြီး Broadway လမ်းမတလျှောက် ချီတက်ကြပါတယ်။

☐ ဘရော့ဝေးလမ်းမပေါ် လျှောက်ကြရင်း – – ရန်ကုန်မြို့ရဲ့ လမ်းမတချို့ပေါ်မှာ လွန်ခဲ့တဲ့ ၁၆နှစ်တာကာလက –ဒီကနေ့လိုနေ့မျိုးမှာ– အပြစ်မဲ့ပြည်သူတွေ ရဲ့ သွေး မြေ ကျခဲ့ ရတာကို ဝမ်းပန်းတနည်းပြန်သတိရလိုက်မိပါတယ်။ ဘာလိုလိုနဲ့ စစ်တပ်က အာဏာ အဓမ္မအာဏာ သိမ်းခဲ့တာ ဒီကနေ့ မှာ ၁၆နှစ်တင်းတင်း ပြည့်ပါရောလား။

☐ ဒီမိုကရေစီရဲ့ကောင်းကျိုးကြောင့် လွတ်လပ်မှုအရသာကို အပြည့်အဝခံစားရတဲ့ အမေရိကန်ပြည်သူသူလူထု တွေရဲ့ဘဝလို မျိုး ပြည်တွင်းက ကျန်ရစ်နေခဲ့တဲ့ ဖိနှိပ်ခံဘဝက မိဘမောင်ဘွားတွေ၊ ပြည်သူလူထုတွေ ကို ရောက်စေချင်လိုက်တာ။

☐ ပြည်ပကိုရောက်လာတဲ့ မြန်မာတွေက လွတ်လပ်တဲ့ကွင်းပြင်တစ်ခုမှာ လေကောင်းလေသန့် ကို ပြည့်ပြည့်ဝဝရှုရှိုက်နေရချိန်မှာ ပြည်တွင်းကပြည်သူတွေက တော့ အလုံပိတ်ခံထားရတဲ့ အခန်းကျဉ်းလေးတစ်ခုထဲကို ပြွတ်သိပ်ထည့် ထားခြင်းခံရတဲ့လူတွေလို ဖြစ်နေတယ်။ မွန်းကြပ်မှု၊ လွတ်မြောက်လိုမှုတွေနဲ့ လေ။

☐ အခန်းထဲက လူတွေအတွက် တံခါးတစ်ချပ်လုံးကို ကိုယ့်အနေနဲ့ ဆွဲဖွင့် ပေးနိုင်လောက်အောင် မသန်မာသေးရင်တောင်မှ လေရှူပေါက်သေးသေးလေးတစ်ခု လောက်တော့ တနိုင် ဖောက်ပေးနိုင်အောင် လုပ်ရမယ်။ ကွင်းပြင်ထဲရောက်နေတဲ့ လူတွေတိုင်းက စိတ်တူကိုယ်တူနဲ့ လေရှူ ပေါက်တွေဝိုင်း ဖောက်ပေးကြမယ်ဆိုရင် မကြာပါဘူး၊ ကာဆီးထားတဲ့ အခန်း နံရံတွေ ပြိုကျပြီး၊ အခန်းထဲက လူတွေ လည်း လွတ်မြောက်နိုင်လာကြပါလိမ့်မယ်။

☐ အတွေးမျိုးစုံနဲ့ ဘရော့ဝေးလမ်းမကြီးတလျှောက်ချီတက်ကြရင်း Pamphlet နှစ်ထောင် ကျော်ကုန်အောင်ဝေငှဖြစ်ခဲ့တယ် ။ နယူးယောက်သူ၊ နယူးယောက်သားတွေ ကလည်း စိတ်ဝင်တစားနဲ့ မဝေခင်လာတောင်းတဲ့ သူတွေလည်းရှိသလို၊ လာစကားပြောပြီး အကျိုး အကြောင်းမေးသူတွေကလည်း အများအပြားပါပဲ။

☐ ညနေပိုင်းမှာတော့ လေကတိုက်၊ မိုးကရွာနဲ့ ချီတက်သူတွေ မိုးမိရပြန်တယ်။ ဘရော့ဝေး လမ်းမကြီးရဲ့ ၈၆–လမ်းအရောက်မှာ ခရီးစဉ်ကို ခဏတာရပ်နားပြီး အစာငတ်ခံ ဆန္ဒပြပွဲ စဝင်ဖို့ နှစ်ရက်ပဲလို တော့တာမို့ အားမွေးပြီး၊ နားနားနေနေနေဖို့ လိုသေးတာကြောင့် အိမ်ကိုပြန်လာခဲ့ကြပါတယ်။

☐ နိုင်ငံတကာရောက်မြန်မာမိတ်ဆွေတွေအတွက် ဆရာဇန်းမော်တင်အောင် ရဲ့ စကားလေးတချို့ ကို လက်ဆောင်ပါးလိုက်ပါရစေ။

☐

☐ လူတစ်ယောက်ရဲ့တန်ဖိုးဟာ

☐ သူ ……ဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက

☐ သူ့ပုခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို

☐ သူ ဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ ……တဲ့။

☐ ဒီမိုကရေစီချစ်သူများနှင့် မြန်မာမိတ်ဆွေများ–

☐ လာမည့်စက်တင်ဘာလ ၂၁–ရက်နေ့၊ နံနက် ၁၀ နာရီကနေ ၁၂ နာရီအတွင်း နယူးယောက်မြို့ ကုလသမဂ္ဂအဆောက်အဦးရှေ့၊ 47th Street and 1st Ave က Dag Hammerskjold Park, မှာ "မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်ချီတက်ပွဲ အောင်မြင်စွာ ပြီးဆုံးခြင်းအခမ်းအနားနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ ဖွင့်လှစ်ခြင်း အခမ်း အနား" ကို ကျင်းပမှာ ဖြစ်ပါတယ်။

☐ အခမ်းအနားကို အမျိုးသား ညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနဲ့ NLD(liberated area) ရဲ့ ဥက္ကဋ္ဌ ဦးဝင်း ခက်တို့နဲ့အတူ ချီတက်စဉ်လမ်းတလျှောက်မှာ ရင်းနှီးခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့ အစည်းများက ပုဂ္ဂိုလ်များ နဲ့ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ကြမှာပါ။ အခမ်းအနားအစီအစဉ်ပြီးတာနဲ့ ပန်းခြံ ထဲမှာ အစာငတ်ခံဆန္ဒပြမယ့် ရဲဘော်များက ကျန်နေရစ်ခဲ့ပြီး "မြန်မာနိုင်ငံအရေးအတွက် ကုလသမဂ္ဂကထိရောက်စွာအရေးယူမှုမပြုမချင်း အကန့်အသတ်မရှိ အစာငတ်ခံ ဆန္ဒပြခြင်း" ကို စတင်ကြမှာပါ။

☐ ရဲဘော်တွေ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေတုန်း၊ နယူးယောက်အဖွဲ့တွေကလည်း စစ်အစိုးရရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို နိုင်ငံပေါင်းစုံကလာရောက်ကြမယ့် ဝန်ကြီးတွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေမြင်တွေ့နိုင်အောင် ဓာတ်ပုံပြပွဲတစ်ခုကိုလည်း ခင်းကျင်းပြသ ထားမှာ ဖြစ်ပါ တယ်။

☐ ဖွင့်ပွဲကို မတက်ရောက်နိုင်သူများအနေနဲ့ နယူးယောက်က ဖွဲ့စည်းထားတဲ့ ကော်မတီတွေကို ဆက်သွယ်ပြီး ရဲဘော်များကို အချိန်ပိုင်းလာရောက် စောင့်ရှောက် ပေးခြင်း၊ တွေ့ဆုံအားပေးခြင်း၊ နိုင်ငံတကာရောက် အင်အားစုများအနေဖြင့် လည်း စက်တင်ဘာ(၂၁)ရက်နေ့မှာ အချိန်ကိုက်လှုပ်ရှားမှုအဖြစ် မိမိတို့ရောက်ရှိရာ နိုင်ငံအသီးသီးရှိ ကုလသမဂ္ဂ ရုံးများသို့ ချီတက်ဆန္ဒပြခြင်း၊ ရုံးရှေ့တွင် စုရုံးဆန္ဒပြခြင်းများ ဖြင့် ပူးပေါင်းပါဝင်ကြဖို့ နှိုးဆော်အပ်ပါတယ်။

☐ **ဆက်သွယ်ရန်**

(၁)ဘဏ္ဍာရေးဆိုင်ရာကော်မတီ --- မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)၊ ကိုရွှေ (၉၁၇–၉၅၁–၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈–၃၃၅–၀၉၁၁)

(၂) ကူညီစောင့်ရှောက်ရေးကော်မတီ --- ကိုရဲထွဋ် (၇၁၈–၆၇၂–၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈–၈၁၃–၂၄၂၁)၊ ကိုဂျိမ်း (၇၁၈–၁၈၆–၃၃၉၅) ၊ ကိုနိုင်ကြီး (၆၁၁–၉၇၄–၅၆၃၂) ၊ ကိုသောင်းထွန်း (၂၁၂–၃၃၈–၀၀၄၈) ၊ မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈–၈၁၃–၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈–၈၁၃–၂၄၂၁) ၊ နန်းဖွန့်ဦး (၂၁၂–၃၃၈–၀၀၄၈) ၊ ကိုဇော်ကြီး ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)

(၃) သတင်းနှင့်ပြန်ကြားရေးကော်မတီ --- ကိုမင်းဆန်းမင်း (၇၁၈–၄၃၄–၅၂၉၂) ၊ ကိုဉာဏ်ဝင်းလတ် (၆၄၆– ၃၂၁–၅၃၁၁) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁)

(၄) သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးကော်မတီ --- ကိုဝင်းရှိန် (၇၁၈–၃၃၅–၅၉၂၃) ၊ ကိုဆန်းမြင့် (၉၁၇–၅၂၃–၅၂၂၇) ၊ ကိုမိုးချမ်း (၆၄၆–၆၄၃–၈၆၈၉) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄)၊ နန်းဖွန့်ဦး (၂၁၂–၃၃၈–၀၀၄၈)

(၅) ကျန်းမာရေးဆိုင်ရာကိစ္စများကို ဒေါက်တာသောင်းထွန်းမှ တာဝန်ခံ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။